# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# တိုကျိုမြို့
# ကြေညာချက်

အကြောင်းအရာ။ **၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ၏ အခြေခံပညာသင်ယူခြင်းအစီအစဉ်အတွက် သင်တန်းသားများ ခေါ်ယူခြင်းကိစ္စ**

၁။ မြန်မာသံရုံး၊ တိုကျိုမြို့မှတစ်ဆင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ အခြေခံပညာသင်ယူခြင်း အစီအစဉ် (သူငယ်တန်းမှ ဒွာဒသမတန်း အထိ)သို့ တက်ရောက်ရန် လျှောက်ထားလိုသူများသည် ယခုကြေညာချက်တွင် ဖော်ပြပါရှိသည့် စာရွက်စာတမ်း/အထောက်အထားတို့အား ပြည့်စုံစွာ ဖြည့်စွက်တင်ပြ၍ မိတ္တူ(၃)စုံဖြင့် **၁၆-၆-၂၀၂၅ ရက်(တနင်္လာနေ့)** နောက်ဆုံးထား၍ မြန်မာသံရုံး၊တိုကျိုမြို့သို့ လာရောက် လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပြည့်စုံစွာ ဖြည့်စွက်ထားသည့် ကျောင်းဝင်ခွင့် လျှောက်လွှာ(၂)စုံ (ညာဘက်ထောင့်တွင် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံကပ်ရန်)

(ခ) အုပ်ထိန်းသူ မိဘနှင့် ကျောင်းသူ/ကျောင်းသား၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ် မိတ္တူ၊ ဗီဇာအမျိုးအစားနှင့် ဗီဇာတံဆိပ်တုံးပါရှိသည့် စာမျက်နှာမိတ္တူ၊ သက်ဆိုင်ရာ နိုင်ငံအစိုးရမှ နေထိုင်မှုကာလအတွက် ပေးအပ်ထားသည့် ကတ်အထောက်အထား တစ်စုံတစ်ရာ (ဥပမာ- work permit, student pass s-pass) မိတ္တူများ ပူးတွဲ၍ **မြန်မာသံရုံးမှ ပညာရေးတာဝန်ခံ အရာရှိထံသို့ လျှောက်ထားရပါမည်။**

(ဂ) လျှောက်ထားသူသည် အုပ်ထိန်းသူမရှိဘဲ ကိုယ်တိုင်အလုပ်လုပ်ကိုင်၍ ဖြစ်စေ၊ ကျောင်းတက်နေခြင်းကြောင့်ဖြစ်စေ ရောက်ရှိနေခြင်းဖြစ်ပါက မည်သည့်အတွက် ကြောင့် ရောက်ရှိနေကြောင်း အထောက်အထား တင်ပြရပါမည်။

(ဃ) **မွေးစာရင်းမိတ္တူမှန်** (သူငယ်တန်း(KG) အပ်နှံမည့်သူများအတွက်သာ)
သူငယ်တန်း(KG)သို့ တက်ရောက်သင်ယူခွင့် လျှောက်ထားသူသည် အသက် အထောက်အထားအဖြစ် မွေးစာရင်းမိတ္တူမှန် တင်ပြရပါမည်။ မွေးသက္ကရာဇ်နှင့်

ပတ်သက်၍ ပူးတွဲဖော်ပြပါ ပုံစံ(က)အတိုင်း ဖြည့်စွက်ပြီး တစ်ပါတည်း တင်ပြရပါမည်။ အသက်(၆)နှစ် ပြည့်ပြီးသူ ဖြစ်ပါက Grade-1 သို့ သင်ယူခွင့်ပြုမည်။

(င) အခြားအတန်းများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မတိုင်မီ အမြင့်ဆုံးအောင်မြင်ခဲ့သောအတန်း အထောက်အထားအဖြစ် **ကျောင်းထွက်လက်မှတ်မူရင်း** ကို တင်ပြရ ပါမည်။ (နိုင်ငံခြားရောက်မြန်မာနိုင်ငံသား ကလေးများ အခြေခံပညာသင်ယူခြင်း အစီအစဉ်မှ သင်ယူပြီးမြောက် အောင်မြင်သူများအတွက် တင်ပြရန်မလိုပါ။)

(စ) ဒသမတန်း (Grad-10) သို့ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ခွင့် လျှောက်ထားသူသည် အောက်ဖော်ပြပါ ဘာသာတွဲများမှ မိမိရွေးချယ်ထားသည့် ဘာသာတွဲကို ဖော်ပြရပါမည်-

| **ဘာသာတွဲ** | **မယူမနေရဘာသာများ** | **စိတ်ကြိုက်ဘာသာတွဲ** |
|---|---|---|
| STEAMS-1 | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊လူမှုရေးသိပ္ပံ(ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ) |
| STEAMS-2 | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊လူမှုရေးသိပ္ပံ(ပထဝီ၊ သမိုင်း) |
| STEAMS-3 | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊လူမှုရေးသိပ္ပံ(ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ) |

(ဆ) ဧကာဒသမတန်း (Grad-11) နှင့် ဒွါဒသမတန်း (Grad-12) သို့ တက်ရောက်သင်ယူခွင့် လျှောက်ထားသူသည် ယခင်သက်ဆိုင်ရာ တစ်ဆင့်နိမ့်အတန်းတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ဘာသာတွဲအတိုင်းသာ တက်ရောက်သင်ယူရမည်ဖြစ်ပြီး မိမိအောင်မြင်ခဲ့သည့် ဘာသာတွဲကို ဖော်ပြရမည်။

(ဇ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ **နှစ်ဝက်ကာလကျော်၍** နောက်ကျလျှောက်ထားလာသော ကျောင်းသား၊ ကျောင်းသူများသည် **ကျောင်းထွက်လက်မှတ်မူရင်း၊ မြန်မာနိုင်ငံတွင် ဖြေဆိုခဲ့ပြီးသော ဘာသာရက်ရမှတ်များကို ဖော်ပြသည့် လစဉ်ပညာရည်တိုးတက်မှုမှတ်တမ်း (Monthly Report Card) နှင့် လအလိုက် ကျောင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အကဲဖြတ်မှတ်တမ်း(Comprehensive Personal Record) များ၏ မိတ္တူမှန်များကို** ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

(ဈ) သက်ဆိုင်ရာအတန်းသို့ ဝင်ခွင့်ရသော ကျောင်းသား/ကျောင်းသူများသည် ပထမနှစ်ဝက် နှင့် နှစ်ဆုံးစစ်ဆေးခြင်းများ ဝင်ရောက်ဖြေဆိုအောင်မြင်မှသာလျှင် စာမေးပွဲအောင်စာရင်း ထုတ်ပြန်ပေးမည် ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၂။ ယခုကြေညာချက်အား တွေ့မြင်သိရှိသူများအနေဖြင့် မိမိတို့နှင့် နီးစပ်ရာ ကျောင်းအပ်နှံလိုသည့် မြန်မာကျောင်းသူ/ကျောင်းသားများထံသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် အခြားသိရှိလိုသည်များရှိပါက မြန်မာသံရုံး၊ တိုကျိုမြို့၏ အဝေးရောက် အခြေခံပညာရေး Distance BEHS for ME, tokyo (Viber Group) တွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ အခြေခံပညာသင်ယူခြင်းအစီအစဉ်
၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက်ရောက်သင်ယူခွင့်လျှောက်လွှာ

ကျောင်းသားအမည် ________________၊ ကျား/မ ________၊ မွေးသက္ကရာဇ် ________________၊
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ________________၊ နိုင်ငံကူးလက်မှတ်အမှတ် ________________၊
ဖြေဆိုလိုသောစာစစ်ဌာန(နိုင်ငံ) ________________၊ ကျောင်းသားသစ်/ဟောင်း ________________၊
အောင်မြင်/ကျရှုံးခဲ့သောအတန်း ________________၊ ခုံအမှတ် ________________၊ ခုနှစ် ________________၊
တက်ရောက်သင်ကြားလိုသောအတန်း ________________၊ ဘာသာတွဲ (ဒသမတန်း၊ ကောဒသမတန်းနှင့် ဒွါဒသမတန်း တက်ရောက်မည်သူများသာ ဘာသာတွဲကို ဖြည့်ရန်) ________________________________________________၊

အဖအမည် ________________၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ________________၊
ရာထူး/ဌာန ________________________________________________၊
အမိအမည် ________________၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ________________၊
ရာထူး/ဌာန ________________________________________________၊
အုပ်ထိန်းသူအမည် ________________၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ________________၊
ရာထူး/ဌာန ________________________________၊ တော်စပ်ပုံ ________________၊
နိုင်ငံခြားနေရပ်လိပ်စာအပြည့်အစုံ ________________________________________________၊
Email ________________________________________________၊
မြန်မာနိုင်ငံတွင် အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ ________________________________________________၊

**ကျောင်းသားသစ်ဖြစ်လျှင် -**

၁။ ကျောင်းပြောင်းလက်မှတ် အမှတ် ________________________________________________၊
၂။ ပြောင်းရွှေ့လာသည့်ကျောင်း ________________________၊ မြို့/နိုင်ငံ ________________________၊
၃။ ကျောင်းပြောင်းလက်မှတ် မူရင်းပူးတွဲ တင်ပြရမည်။
၄။ သူငယ်တန်းကျောင်းသား၊ ကျောင်းသူများသည် မွေးစာရင်းလက်မှတ် မိတ္တူတင်ပြရမည် (သို့မဟုတ်) ပူးတွဲဖော်ပြပါ ပုံစံ (က)အတိုင်း ဖြည့်စွက်ပြီး တစ်ပါတည်း တင်ပြရမည်။

**မိဘအုပ်ထိန်းသူနှင့် ကျောင်းသား၊ ကျောင်းသူ၏ ဝန်ခံချက်**

၁။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသား၊ ကျောင်းသူပီပီ ပညာသင်ယူသော အလုပ်ကို ငြိမ်းချမ်းအေးဆေးစွာဖြင့် လိုလိုလားလား ကြိုးစားအားထုတ် သင်ယူစေပါမည်။

ကျောင်းသား/သူလက်မှတ် ________________ မိဘအုပ်ထိန်းသူလက်မှတ် ________________
အမည် ________________ အမည် ________________
ရက်စွဲ၊ ခုနှစ် လ ရက်

MOFA | MMRS v.2 Printed by MYANMAR EMBASSY, TOKYO 06/06/2025 11:36:46

ပုံစံ (က)

(၁) ကျောင်းဝင်အမှတ် ______________ နှင့် ကျောင်းဝင်ခွင့်ပြုသည့်နေ့ရက် ______________
______________ တိုင်းဒေသကြီး/ပြည်နယ်၊ ______________ မြို့နယ်၊
______________ မြို့/ရွာ၊ ______________ ရပ်နေ၊
အဖ ______________ နှင့် အမိ ______________ တို့၏
သား/သမီးဖြစ်သူ ______________ ၏ မွေးသက္ကရာဇ်မှာ ______________
စာဖြင့် ______________ ဖြစ်ပါကြောင်း။

(၂) ယခုမှတ်တမ်းတင်ထားသော မွေးသက္ကရာဇ်ကို နောင်တွင် ပြင်ဆင်ခွင့် မပြုကြောင်း သိပါသည်။

(၃) သက်ဆိုင်ရာနိုင်ငံရှိ သံအရာရှိ ဝန်ထမ်းတစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပါသည်။

(ထိုးမြဲလက်မှတ်)
အဖ/အမိ ဦး ______________ /ဒေါ် ______________
အုပ်ထိန်းသူ
နိုင်ငံကူးလက်မှတ်အမှတ် ______________ / ______________

သံအရာရှိ လက်မှတ် ______________
အမည် ______________
နိုင်ငံ ______________
ရက်စွဲ ______________

---

- မသက်ဆိုင်သည့် စကားလုံးများကို ခြစ်ပစ်ပါ။
- ဤပုံစံသည် မှတ်ပုံတင်စာရင်းကဲ့သို့ အမြဲတမ်း ကျောင်းမှတ်တမ်းဖြစ်၍ မှတ်ပုံတင်စာရင်းကဲ့သို့ တည်မြဲအောင် မြန်မာနိုင်ငံဦးစီးဌာနတွင် ဖိုင်တွဲ၍ မှတ်တမ်းထားရှိရမည်။